# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ကောင်စီ
# ပြည်သူ့ကောင်စီနည်းဥပဒေများ

**[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေများအမှတ် ၃]**

**ရန်ကုန်မြို့၊ ၁၃၃၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်။**

**(၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်။)**

အောက်ဖော်ပြပါ နည်းဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

ပြည်သူ့ကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့ကောင်စီအဆင့်ဆင့်တွင် အဖွဲ့အစည်းများ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ခြင်း၊ အစည်းအဝေးများ ကျင်းပ ခြင်း စသည်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သည် အောက်ပါနည်း ဥပဒေများကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပြည်သူ့ကောင်စီနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ပြည်သူ့ကောင်စီဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

## အခန်း (၂)
## ယာယီသဘာပတိတင်မြှောက်ခြင်း

၃။ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပထမအကြိမ် အစည်းအဝေး ပထမနေ့တွင် ယာယီသဘာပတိကို အောက်ပါအတိုင်း တင်မြှောက်ရမည် -

(က) သက်ဆိုင်ရာ ပြည်သူ့ကောင်စီရုံးမှ ပုဂ္ဂိုလ် တဦးသည် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်၊

(ခ) အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့ကောင်စီဝင်များသည် မိမိတို့အထဲမှ ပြည်သူ့ ကောင်စီဝင်တဦးအား ယာယီသဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ဂ) ယာယီသဘာပတိတဦး တင်မြှောက်ရန် ပြည်သူ့ကောင်စီဝင်တဦးက အဆိုတင်သွင်း၍ အခြား ပြည်သူ့ကောင်စီဝင်တဦးကထောက်ခံရမည်၊

Myanmar Law Information System (MLIS)

(ဃ) အခမ်းအနားမှူးသည် ယင်းအဆိုပြုချက်နှင့် ထောက်ခံချက်များကို ပြည်သူ့ကောင်စီ၏ အတည်ပြုချက်ရယူ၍ ယာယီသဘာပတိအဖြစ် တင်မြှောက်ခြင်းခံရသော ပြည်သူ့ကောင်စီဝင်၏ အမည်ကို ပြည်သူ့ကောင်စီသို့ကြေညာရမည်၊

(င) ယာယီသဘာပတိသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ ရှေ့မှောက်တွင် အောက်ပါ အတိုင်း ကတိသစ္စာပြုရမည် -

" ပြည်သူ့ကောင်စီဝင်အဖြစ် လုပ်သားပြည်သူတို့၏ ဆန္ဒဖြင့်ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ခြင်း ခံရသောကျွန်ုပ်သည် အခြေခံဥပဒေနှင့် အခြားဥပဒေများကို ကာကွယ်စောင့်ရှောက်ပါမည်။ လုပ်သား ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆိုရှယ်လစ်လူ့ဘောင်ကို ဖြောင့်မတ်မှန်ကန်စွာတည်ဆောက်ပါမည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ သစ္စာရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

## အခန်း (၃)
## ပြည်သူ့ကောင်စီဝင်ဖြစ်မြောက်ခြင်း

၄။ ပြည်သူ့ကောင်စီဝင် ဖြစ်မြောက်စေရန် အောက်ပါ လိုအပ်ချက်များနှင့်ကိုက်ညီစေရမည် -

(က) သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများက အခြေခံဥပဒေနှင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေများအရ တရားဝင် ရွေးချယ်တင်မြှောက်လိုက်ကြောင်းကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မီရှင်က အသိအမှတ်ပြုခြင်း၊

(ခ) အသိအမှတ်ပြုကြောင်းကို ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီက အတည်ပြုခြင်း၊

(ဂ) ပြဋ္ဌာန်းထားသည့်အတိုင်း ကတိသစ္စာပြုပြီးခြင်း။

၅။ ပြည်သူ့ကောင်စီဝင်များသည် ယာယီသဘာပတိ ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာ ပြုကြရမည် -

" ပြည်သူ့ကောင်စီဝင်အဖြစ် လုပ်သားပြည်သူတို့၏ ဆန္ဒဖြင့်ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ခြင်း ခံရသော ကျွန်ုပ်/ ကျွန်ုပ်တို့သည် အခြေခံဥပဒေနှင့် အခြားဥပဒေများကို ကာကွယ်စောင့်ရှောက်ပါမည်။ လုပ်သားပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆိုရှယ်လစ်လူ့ဘောင်ကိုဖြောင့်မတ်မှန်ကန်စွာ တည်ဆောက်ပါမည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ သစ္စာရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

## အခန်း (၄)
## သဘာပတိအဖွဲ့ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

၆။ (က) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီတွင် ပါဝင်သောပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ သဘာပတိအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

Myanmar Law Information System (MLIS)

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ်မူတည်၍ သဘာပတိအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ် မူတည်၍ သဘာပတိအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၁၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၁ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၁၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(ဃ) ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သော သဘာပတိအဖွဲ့ဝင် လောင်းများ၏ အမည်စာရင်းကို ပထမအကြိမ် အစည်းအဝေးတွင် ယာယီသဘာပတိထံသို့လည်းကောင်း၊ ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖွဲ့ထံသို့လည်းကောင်း တင်သွင်းရမည်။ ယာယီသဘာပတိ သို့မဟုတ် သဘာပတိအဖွဲ့သည် သဘာပတိအဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါ ဆန္ဒမဲ အများအနည်းအလိုက် စုဆောင်းစိစစ်၍ အမည်စာရင်းကို ပြုစုပြီးယာယီသဘာပတိ သို့မဟုတ် အလှည့်ကျ သဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် သဘာပတိအဖွဲ့ဝင် ဦးရေထက်ပိုမို၍ အမည်စာရင်းရရှိခဲ့လျှင် သတ်မှတ်သည့် သဘာပတိအဖွဲ့ဝင် ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည် -

| | သတ်မှတ်သည့်သဘာပတိ အဖွဲ့ဝင်ဦးရေ | တင်သွင်းနိုင်သည့် သဘာပတိအဖွဲ့ဝင်လောင်းဦးရေ |
|---|---|---|
| (၁) | ၁ ဦးဖြစ်လျှင် ....... | ၂ ဦးအထိ တင်သွင်းနိုင်သည်၊ |
| (၂) | ၃ ဦးဖြစ်လျှင် ....... | ၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊ |
| (၃) | ၅ ဦးဖြစ်လျှင် ....... | ၅ ဦးမှ ၈ ဦးအထိ တင်သွင်းနိုင်သည်၊ |

(င) အမည်စာရင်းထဲမှ လိုအပ်သည့်အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီဝင်များက ရွေးချယ်တင်မြှောက် ရမည်၊

(စ) သဘာပတိအဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို ယာယီ သဘာပတိ သို့မဟုတ် အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

## အခန်း (၅)

## အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

၇။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည် -

Myanmar Law Information System (MLIS)

(က) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ ၉၀ ဦးအထိ ရှိလျှင် အဖွဲ့ဝင် ၇ ဦး၊

(၃) ပြည်သူ့ကောင်စီဝင် ၉၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၉ ဦး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ် မူတည်၍ အလုပ်အမှု ဆောင်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၂၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၂၁ ဦးမှ ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(၃) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၇ ဦး၊

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် ပါဝင်သောပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၁၅ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၁၆ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်နိုင်ရန် -

ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သောအလုပ်အမှုဆောင်အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိအဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါဆန္ဒမဲ အများအနည်းအလိုက်စုဆောင်းစိစစ်၍ အမည်စာရင်းကိုပြုစုပြီး အလှည့်ကျသဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေထက်ပိုမို၍ အမည်စာရင်းရရှိခဲ့လျှင် သတ်မှတ်သည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည် -

| | သတ်မှတ်သည့်အမှုဆောင် အဖွဲ့ဝင်ဦးရေ | တင်သွင်းနိုင်သည့် အမှုဆောင်အဖွဲ့ဝင်လောင်းဦးရေ |
|---|---|---|
| (၁) | ၃ ဦးဖြစ်လျှင် …….. | ၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊ |
| (၂) | ၅ဦးဖြစ်လျှင် ……. | ၅ ဦးမှ ၈ ဦးအထိ တင်သွင်းနိုင်သည်၊ |
| (၃) | ၇ ဦးဖြစ်လျှင် …… | ၇ ဦးမှ ၁၁ ဦးအထိတင်သွင်း နိုင်သည်၊ |
| (၄) | ၉ ဦးဖြစ်လျှင် …… | ၉ ဦးမှ ၁၄ ဦးအထိတင်သွင်း နိုင်သည်၊ |

Myanmar Law Information System (MLIS)

(င) အမည်စာရင်းထဲမှ လိုအပ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(စ) အလုပ်အမှုဆောင် အဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်၊

(ဆ) အလုပ်အမှုဆောင်အဖွဲ့တွင် တစုံတခုသောအကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နည်းဥပဒေခွဲ (ဃ) နှင့် (င) တို့နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူးတဦးကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ရမည် -

(က) အလှည့်ကျသဘာပတိသည် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးကို ဥက္ကဋ္ဌလောင်းများအဖြစ် အမည်စာရင်းပြုစုရမည်၊

(ခ) အမည်စာရင်းထဲမှ ဥက္ကဋ္ဌတဦးကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) အလှည့်ကျသဘာပတိသည် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင် အဖွဲ့ဝင်ကို ချန်လှပ်၍ ကျန်အလုပ်အမှုဆောင် အဖွဲ့ဝင်များကို အတွင်းရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရမည်၊

(ဃ) အမည်စာရင်းထဲမှ အတွင်းရေးမှူးတဦးကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရွေးချယ်တင်မြှောက် ရမည်၊

(င) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်၊

(စ) အလုပ်အမှုဆောင်အဖွဲ့တွင် တစုံတခုသောအကြောင်းကြောင့်ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနေရာ လစ်လပ်လျှင် နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ဃ) နှင့် (င) တို့နှင့်အညီ သတ်မှတ်သည့်အလုပ် အမှုဆောင်အဖွဲ့ဝင် ဦးရေအထိ ရွေးချယ်တင်မြှောက်ပြီးလစ်လပ်သည့်ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး နေရာအတွက် ရွေးချယ်တင်မြှောက်ရမည်။

## အခန်း (၆)

## တရားသူကြီးအဖွဲ့ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

၉။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ တရားသူကြီးအဖွဲ့ကို အောက်ပါအတိုင်းရွေးချယ် တင်မြှောက် ဖွဲ့စည်းရမည် -

(က) ပြည်နယ်နှင့်တိုင်း ပြည့်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ်မူတည်၍ တရားသူကြီးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ်မူတည်၍ တရားသူကြီး အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၈၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊



Myanmar Law Information System (MLIS)

(၂) ပြည်သူ့ကောင်စီဝင် ၈၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ တရားသူကြီးအဖွဲ့ကိုအောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၂၅ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၂၆ ဦးမှအထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဃ) တရားသူကြီးအဖွဲ့ကို ရွေးချယ်တင်မြှောက်နိုင်ရန် -

ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သောတရားသူကြီးအဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိအဖွဲ့သည် တရားသူကြီးအဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါဆန္ဒမဲ အများအနည်းအလိုက်စိစစ်၍ အမည်စာရင်းပြုစုပြီး အလှည့်ကျသဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် တရားသူကြီးအဖွဲ့ဝင်ဦးရေထက်ပိုမို၍ အမည်စာရင်းရရှိခဲ့လျှင် သတ်မှတ်သည့်တရားသူကြီးအဖွဲ့ဝင် ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည် -

| | သတ်မှတ်သည့်တရားသူကြီး အဖွဲ့ဝင်ဦးရေ | တင်သွင်းနိုင်သည့် တရားသူကြီးအဖွဲ့ဝင်လောင်းဦးရေ |
|---|---|---|
| (၁) | ၃ ဦးဖြစ်လျှင် ........ | ၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊ |
| (၂) | ၅ဦးဖြစ်လျှင် ....... | ၅ ဦးမှ ၈ ဦးအထိ တင်သွင်းနိုင်သည်၊ |

(င) အမည်စာရင်းထဲမှ လိုအပ်သည့်အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီဝင်များက ရွေးချယ်တင်မြှောက် ရမည်၊

(စ) တရားသူကြီး အဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

၁၀။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ ရွေးချယ်တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့တွင် ဥက္ကဋ္ဌတဦးကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ရမည် -

(က) အလှည့်ကျသဘာပတိသည် တရားသူကြီး အဖွဲ့ဝင်အားလုံးကို ဥက္ကဋ္ဌလောင်းများအဖြစ် အမည်စာရင်းပြုစုရမည်၊

(ခ) အမည်စာရင်းထဲမှ ဥက္ကဋ္ဌတဦးကို တရားသူကြီး အဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) တရားသူကြီးအဖွဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏ အမည်ကိုအလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ကြေညာရမည်။

## အခန်း (၇)

## လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

Myanmar Law Information System (MLIS)

Myanmar Law Information System (MLIS)

၁၁။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီများ၌ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည် -

(က) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ်မူတည်၍ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ် မူတည်၍ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၈၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၈၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ရွေးချယ်တင်မြှောက်နိုင်ရန် -

ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သောလုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိအဖွဲ့သည် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်လောင်း များ၏ အမည်စာရင်းကို ရရှိသောအခါဆန္ဒမဲ အများအနည်းအလိုက်စုဆောင်းစိစစ်၍ အမည်စာရင်းကို ပြုစုပြီး အလှည့်ကျသဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင် ဦးရေထက်ပိုမို၍ အမည်စာရင်းရရှိခဲ့လျှင် သတ်မှတ်သည့်လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင် ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည် -

| | သတ်မှတ်သည့်လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်ဦးရေ | တင်သွင်းနိုင်သည့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်လောင်းဦးရေ |
|---|---|---|
| (၁) | ၃ ဦးဖြစ်လျှင် …….. | ၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊ |
| (၂) | ၅ဦးဖြစ်လျှင် ……. | ၅ ဦးမှ ၈ ဦးအထိ တင်သွင်းနိုင်သည်၊ |

(ဃ) အမည်စာရင်းထဲမှ လိုအပ်သည့်အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီဝင်များက ရွေးချယ်တင်မြှောက် ရမည်၊

(င) လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

၁၂။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီများ၌ ရွေးချယ်တင်မြှောက်ခြင်းခံရသော လုပ်ငန်း စစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌတဦးကို အောက်ပါအတိုင်းရွေးချယ်တင်မြှောက်ရမည် -

(က) အလှည့်ကျသဘာပတိသည် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်အားလုံးကိုဥက္ကဋ္ဌလောင်းများအဖြစ် အမည်စာရင်းပြုစုရမည်၊

(ခ) အမည်စာရင်းထဲမှ ဥက္ကဋ္ဌတဦးကို လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏အမည်ကိုအလုည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ကြေညာရမည်။

## အခန်း (၈)

## ရေးရာကော်မီတီများ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

၁၃။ ရေးရာကော်မီတီများကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည် -

(က) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ်မူတည်၍ ရေးရာကော်မီတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၃၀ ဦးမှ ၅၀ ဦးအထိ ရှိလျှင် ကော်မီတီဝင် ၁၂ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် ကော်မီတီဝင် ၂၄ ဦး၊

(ခ) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိသော ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတွင် အောက်ပါရေးရာ ကော်မီတီများကို ရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၊

(၂) စီမံကိန်းနှင့်ဘဏ္ဍာရေးရာကော်မီတီ၊

(၃) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့်တောင်သူလယ်သမားရေးရာကော်မီတီ၊

(၄) သမဝါယမ၊ ကုန်သန်းရောင်းဝယ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မီတီ၊

(၅) စက်မှုလက်မှုနှင့် အလုပ်သမားရေးရာကော်မီတီ၊

(၆) လူမှုရေးရာကော်မီတီ၊

(၇) တိုင်းရင်းသားလူမျိုးများရေးရာကော်မီတီ၊

(၈) လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဂ) ပြည်သူ့ကောင်စီဝင် ၃၀ ဦးမှ ၅၀ ဦးအထိရှိသော ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတွင် အောက်ပါ ရေးရာကော်မီတီများကို ရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၊

(၂) ဘဏ္ဍာရေးနှင့် စီးပွားရေးရာကော်မီတီ၊

(၃) လူမှုရေးနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာကော်မီတီ၊

(၄) လုံခြုံရေးနှင့်ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဃ) မြို့နယ်ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ် မူတည်၍ရေးရာ ကော်မီတီဝင်ဦးရေကိုအောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင် ၂၀ ဦးအထိရှိလျှင် ကော်မီတီဝင် ၃ ဦး၊

Myanmar Law Information System (MLIS)

(၂) ပြည်သူ့ကောင်စီဝင် ၂၁ ဦးမှ ၅၀ ဦးအထိ ရှိလျှင် ကော်မီတီဝင် ၁၂ ဦး၊

(၃) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် ကော်မီတီဝင် ၂၁ ဦး၊

(င) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိသော မြို့နယ်ပြည်သူ့ကောင်စီတွင် အောက်ပါရေးရာ ကော်မီတီများကိုရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၊

(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးရေးရာကော်မီတီ၊

(၃) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့်တောင်သူလယ်သမားရေးရာကော်မီတီ၊

(၄) သမဝါယမ၊ ကုန်သွယ်ရောင်းဝယ်ရေး နှင့်ပို့ဆောင်ဆက်သွယ် ရေးရာကော်မီတီ၊

(၅) စက်မှုလက်မှုနှင့် အလုပ်သမားရေးရာ ကော်မီတီ၊

(၆) လူမှုရေးရာကော်မီတီ၊

(၇) လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးရာကော်မီတီ၊

(စ) ပြည်သူ့ကောင်စီဝင် ၂၁ ဦးမှ ၅၀ ဦးအထိရှိသော မြို့နယ်ပြည်သူ့ကောင်စီတွင် အောက်ပါရေးရာ ကော်မီတီများကို ရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၊

(၂) ဘဏ္ဍာရေးနှင့် စီးပွားရေးရာကော်မီတီ၊

(၃) လူမှုရေးရာကော်မီတီ၊

(၄) လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဆ) ပြည်သူ့ကောင်စီဝင် ၂၀ ဦးအထိရှိသော မြို့နယ်ပြည်သူ့ကောင်စီတွင် ပြည်သူ့ကောင်စီဝင်များ၊ စိစစ်ရေးကော်မီတီတရပ်ကို သာပြည်သူ့ကောင်စီဝင် ၃ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ဇ) ပြည်သူ့ကောင်စီဝင်တဦးသည် ရေးရာကော်မီတီ ၂ ခုထက်ပို၍ ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ၊

(ဈ) ရေးရာကော်မီတီများကို ရွေးချယ်တင်မြှောက်နိုင်ရန် -

ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သောရေးရာကော်မီတီဝင်လောင်းများ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိအဖွဲ့သည် ရေးရာကော်မီတီဝင်လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါဆန္ဒမဲ အများအနည်းအလိုက်စုဆောင်းစိစစ်၍ အမည်စာရင်းကိုပြုစုပြီး အလှည့်ကျသဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် ရေးရာကော်မီတီဝင်ဦးရေထက်ပိုမို၍ အမည်စာရင်းရရှိခဲ့လျှင် သတ်မှတ်သည့်ရေးရာကော်မီတီဝင်ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည် -

| | သတ်မှတ်သည့်ရေးရာကော်မီတီဝင် ဦးရေ | တင်သွင်းနိုင်သည့် ရေးရာကော်မီတီဝင်လောင်းဦးရေ |
|---|---|---|
| (၁) | ၃ ဦးဖြစ်လျှင် …….. | ၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊ |



Myanmar Law Information System (MLIS)

(၂) ၁၂ဦးဖြစ်လျှင် ....... ၁၂ ဦးမှ ၁၈ ဦးအထိ တင်သွင်းနိုင်သည်၊

(၃) ၂၁ ဦးဖြစ်လျှင် ....... ၂၁ ဦးမှ ၃၂ ဦးအထိတင်သွင်းနိုင်သည်၊

(၄) ၂၄ ဦးဖြစ်လျှင် ....... ၂၄ ဦးမှ ၃၆ ဦးအထိ တင်သွင်းနိုင်သည်၊

(ည) အမည်စာရင်းထဲမှ လိုအပ်သည့်ကော်မီတီဝင်ဦးရေကို ပြည်သူ့ကောင်စီဝင်များက ရွေးချယ်တင် မြှောက်ရမည်၊

(ဋ) ရေးရာကော်မီတီဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်၊

(ဌ) ရေးရာကော်မီတီဝင်များကို သက်ဆိုင်ရာပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ရေးရာကော်မီ တီအလိုက် ဖွဲ့စည်း၍ တာဝန်ခွဲဝေပေးအပ်ရမည်။

၁၄။ ရေးရာကော်မီတီအလိုက် အတွင်းရေးမှူးတဦးစီကို အောက်ပါအတိုင်းရွေးချယ်တင်မြှောက်ရမည် -

(က) အလှည့်ကျ သဘာပတိသည်ဤနည်းဥပဒေများအ ရသက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်း၍ တာဝန်ခွဲဝေပေးသော ရေးရာ ကော်မီတီအလိုက် ကော်မီတီဝင်အားလုံးပါဝင်သော အတွင်းရေးမှူးလောင်း အမည်စာရင်းများကို ပြုစုရမည်၊

(ခ) ရေးရာကော်မီတီအလိုက် အတွင်းရေးမှူးလောင်း အမည်စာရင်းထဲမှ အတွင်းရေးမှူးတဦးစီကို သက်ဆိုင်ရာ ရေးရာကော်မီတီဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ရေးရာကော်မီတီအလိုက် အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

## အခန်း (၉)

## အလှည့်ကျသဘာပတိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အလှည့်ကျသဘာပတိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူ့ကောင်စီ အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပြည်သူ့ကောင်စီ အစည်းအဝေးကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူခြင်း၊

(ဂ) ပြည်သူ့ကောင်စီဝင် တဦးဦး၏ ဆွေးနွေးချက်များသည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိလျှင် အရေးယူကြပ်မခြင်း၊

(ဃ) ပြည်သူ့ကောင်စီဝင် တဦးသည် သတ်မှတ်ခွင့်ပြုထားသည့် အချိန်ထက် ကျော်လွန်၍ ဆွေးနွေး ပြော ဆိုနေပါက သတိပေးကြပ်မခြင်း၊

(င) ပြည်သူ့ကောင်စီဝင်တဦးသည် အစည်းအဝေး ရပ်ဆိုင်းရန် သို့မဟုတ် ရွှေ့ဆိုင်းရန်တင်ပြလာပါက ပြည်သူ့ကောင်စီဝင်အများစု၏ သဘောတူညီချက်ကို ရယူ၍ ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(စ) ပြည်သူ့ကောင်စီဝင်တဦးသည် ဆွေးနွေးဆဲ ကိစ္စရပ်တခုကိုရပ်ဆိုင်းရန် သို့မဟုတ် ရွှေ့ဆိုင်းရန် တင်ပြလာပါက ပြည်သူ့ကောင်စီဝင်အများစု၏ သဘောတူညီချက်ကို ရယူဆောင်ရွက်ခြင်း၊

(ဆ) အစည်းအဝေးတွင် မဲခွဲ၍ အဆုံးအဖြတ်ရယူရန် ပေါ်ပေါက်သည့်အခါ လိုအပ်သည့် ပြည်သူ့ ကောင်စီဝင်ဦးရေပြည့်စေရေးအတွက် အစည်းအဝေးတက်ရောက်ရန် နှိုးဆော်ခြင်း၊ ယင်းသို့ နှိုးဆော်ပြီးနောက် သင့်လျော်သောအချိန်အထိ စောင့်ဆိုင်းသော်လည်း လိုအပ်သည့် ပြည်သူ့ကောင်စီဝင် ဦးရေမပြည့်ပါက အစည်းအဝေးကို ခေတ္တရပ်ဆိုင်းခြင်း၊

(ဇ) ကိစ္စတရပ်သည် အဓိကကိစ္စ သို့မဟုတ် သာမန်ကိစ္စဟူ၍ အယူအဆကွဲလွဲနေပါက ယင်းပြဿနာကို အစည်းအဝေးတက်ရောက်လာသော ပြည်သူ့ကောင်စီဝင်ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ် ပေးခြင်း၊

(ဈ) ကိစ္စတရပ်ရပ်နှင့်ပတ်သက်၍ ပြည်သူ့ကောင်စီဝင်များက မည်သည့်နည်းဖြင့် ဆန္ဒပေးရမည်ကို ဆုံးဖြတ်သတ်မှတ်ခြင်း၊

(ည) သဘာပတိအဖွဲ့ဟောင်းမှ အလှည့်ကျသဘာပတိသည် နောက်တကြိမ်ပြည်သူ့ကောင်စီ ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖွဲ့သစ် ရွေးချယ်တင်မြှောက်ပြီး အလှည့်ကျသဘာပတိထံ တာဝန်လွှဲပြောင်း အပ်နှင်းပြီးသည်အထိ တာဝန်ယူဆောင်ရွက်ခြင်း။

၁၆။ အလှည့်ကျ သဘာပတိသည် အောက်ပါ ကိစ္စရပ်များကို အရေးယူဆောင်ရွက်ရန် ပေါ်ပေါက်ပါက ကျန်သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်း၍စုပေါင်းဆုံးဖြတ်ရမည် -

(က) ပြည်သူ့ကောင်စီဝင်တဦးက အစည်းအဝေးတွင် မဖွယ်မရာပြုမူပြောဆိုသည့်အတွက် ကျင်းပဆဲ အစည်းအဝေးကာလအတွင်း အစည်းအဝေးများသို့ တက်ရောက်ခွင့်မပြုရန်ရက်အကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊

(ခ) ပြည်သူ့ကောင်စီဝင် တဦးသည် သဘာပတိအဖွဲ့၏ ခွင့်ပြုချက်မရပဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိပဲ အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်လျှင် မည်သို့အရေးယူရမည်ကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဂ) ပြည်သူ့ကောင်စီဝင်တဦး၏ ဆွေးနွေးချက်ကို အစည်းအဝေးမှတ်တမ်းတွင် တစုံတခုသော အကြောင်းကြောင့် ထည့်သွင်းရန်သင့်မသင့် ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဃ) ပြည်သူ့ကောင်စီအစည်းအဝေး၌ ထိန်းသိမ်း၍ မရနိုင်လောက်သော စည်းကမ်းသေဝပ်မှု ပျက်ပြားသည့်အခြေအနေများဖြစ်ပေါ်လာပါက အစည်းအဝေးကို ရွှေ့ဆိုင်းခြင်း။

## အခန်း (၁၀)

## အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အလုပ်အမှုဆောင်အဖွဲ့ကို ဦးဆောင်မှုပေးခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ပြည်သူ့ကောင်စီနှင့် ယင်းလက်အောက်ရှိ ပြည်သူ့ကောင်စီအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ထိရောက်စွာဆောင်ရွက်စေရန်လည်းကောင်း၊ ရှိရင်းစွဲ ဥပဒေများနှင့် အညီ ဆောင်ရွက်စေရန်လည်းကောင်း လမ်းညွှန်ညှိနှိုင်းပေးခြင်း၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး အစီအစဉ်များကို အတွင်းရေးမှူးနှင့်ညှိနှိုင်း ရေးဆွဲအတည် ပြုခြင်း၊

(င) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများကို ခေါ်ယူပေးခြင်း၊

(စ) ပြည်သူ့ကောင်စီအစည်းအဝေးအစီအစဉ်ကို အလုပ်အမှုဆောင်အဖွဲ့၊ သဘာပတိအဖွဲ့တို့နှင့် ညှိနှိုင်းရေးဆွဲခြင်း၊

(ဆ) ပြည်သူ့ကောင်စီ၏ဆုံးဖြတ်ချက်များ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်း။

၁၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်သူ့ကောင်စီအစည်းအဝေးများတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူ့ကောင်စီအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် များကို ညှိနှိုင်းပေးခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး အစီအစဉ်များကို ဥက္ကဋ္ဌနှင့် ညှိနှိုင်းရေးဆွဲခြင်း၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်ကြေညာခြင်း၊ ယင်းတို့ကို နောက်တကြိမ် ကျင်းပသည့် အလုပ်အမှုဆောင်အစည်းအဝေးတွင် ပြန်လည်တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(င) အလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်သူ့ကောင်စီ အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်း၊ လိုအပ်သလိုဖြန့်ဝေခြင်း၊

(စ) အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌသည် ယာယီအားဖြင့်တာဝန်ဝတ်တရားများကို ထမ်းဆောင်ခြင်း မပြုနိုင်လျှင် ဥက္ကဋ္ဌ၏တာဝန်ဝတ်တရားများကို ယာယီပူးတွဲထမ်းဆောင်ခြင်း၊

(ဆ) ပြည်သူ့ကောင်စီရုံးကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) ပြည်သူ့ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားတာဝန် များကို ဆောင်ရွက်ခြင်း။

Myanmar Law Information System (MLIS)

## အခန်း (၁၁)

## အလုပ်အမှုဆောင်အဖွဲ့ဝင်များအား တာဝန်ပေးအပ်ခြင်း

၁၉။ ပြည်သူ့ကောင်စီ ဥပဒေပုဒ်မ ၅၁၊ ၉၈ နှင့် ၁၄၅ တို့အရ အလုပ်အမှုဆောင်အဖွဲ့ဝင်များအား တာဝန်ပေးအပ်ဆောင်ရွက်စေရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အလုပ်အမှုဆောင်အဖွဲ့သည် ကဏ္ဍတရပ်ရပ်တွင် ယင်းကိုယ်စားဆောင်ရွက်ရန် အလုပ်အမှုဆောင် အဖွဲ့ဝင်တဦးကိုဖြစ်စေ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များကို ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်၊

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေခွဲ (က) အရတာဝန်ပေးအပ်ရာတွင် လိုအပ်ပါက ကဏ္ဍဆိုင်ရာ လုပ်ငန်းများကို ကန့်သတ်၍ လည်းကောင်း၊ အချိန်ကာလကိုသတ်မှတ်၍ လည်းကောင်း တာဝန်ပေးအပ်နိုင်သည်၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေခွဲ (က) နှင့် (ခ) အရတာဝန်ပေးအပ်ခြင်းကို အလုပ်အမှု ဆောင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ရမည်၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ကဏ္ဍအလိုက်တာဝန် ပေးအပ်ခြင်းကို မိမိနှင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အခြားအာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများသို့ စာအားဖြင့် အကြောင်းကြားရမည်၊

(င) ကဏ္ဍအလိုက် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသည့်အလုပ်အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိအား တာဝန်ပေးအပ်သည့် ကဏ္ဍနှင့် ပတ်သက်၍ ဆောင်ရွက် ချက်များကို အနီးကပ်ဆုံး အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင်တင်ပြအတည်ပြုချက်ရယူရမည်၊

(စ) အလုပ်အမှုဆောင်အဖွဲ့သည် ကဏ္ဍအလိုက် တာဝန်ပေးအပ်သည့်အလုပ်အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

## အခန်း (၁၂)

## ရေးရာကော်မီတီအလိုက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ ပြည်သူ့ကောင်စီရေးရာ ကော်မီတီအလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

**(က) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ**

(၁) ပြည်သူ့ကောင်စီဝင်တဦးသည် သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများက ရွေးချယ်တင်မြှောက်ခြင်း ခံရသူ ဟုတ် မဟုတ် စိစစ်ခြင်း၊ သက်ဆိုင်ရာ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မီရှင်က ပေးအပ်သည့် အသိအမှတ်ပြုလွှာများကို စိစစ်အတည်ပြုလက်ခံခြင်း၊

(၂) ပြည်သူ့ကောင်စီ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အကြောင်း တရပ်ရပ်ကြောင့် ပြည်သူ့ကောင်စီဝင် တဦးအားပြည်သူ့ကောင်စီဝင်အဖြစ်မှ ရပ်စဲရန် လိုအပ်ပါက စုံစမ်းစစ်ဆေး၍ ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(၃) ပြည်သူ့ကောင်စီဝင်တဦးက ပြည်သူ့ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခွင့်တောင်းခံလွှာတင်သွင်းလျှင် ယင်းနုတ်ထွက်ခွင့်တောင်းခံလွှာကိုစိစစ်၍ မှတ်ချက်များနှင့်တကွ အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြခြင်း၊

(၄) ပြည်သူ့ကောင်စီဝင် များလိုက်နာ စောင့်ထိန်းရမည့် စည်းကမ်းတရပ်ရပ် ကိုပြည်သူ့ကောင်စီ ဝင်တဦးဦးကချိုးဖောက်ကြောင်း တွေ့ရှိပါက သဘာပတိ အဖွဲ့မှတဆင့် ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(၅) ပြည်သူ့ကောင်စီဝင်နေရာလစ်လပ်လျှင် ပြည်သူ့ကောင်စီသို့တင်ပြခြင်း၊

Myanmar Law Information System (MLIS)

(၆) ပြည်သူ့ကောင်စီဝင်များရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူ့ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း၊ ပြည်သူ့ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခြင်းများနှင့်ပတ်သက်၍ ပြည်သူ့ကောင်စီမှပေးအပ်သော အခြားတာဝန် များကို ထမ်းဆောင်ခြင်း။

**(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးရာကော်မီတီ**

(၁) ဆိုရှယ်လစ် စနစ်၏ စီးပွားရေးအခြေခံများကို တည်ဆောက်နိုင်ရေးအတွက် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်၏ သဘာဝအခြေအနေ၊ ကုန်ထုတ်စွမ်းအားစု အခြေအနေ၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက် သယံဇာတ ပစ္စည်းအင်အား၊ ကုန်ထုတ်စွမ်းအားနှင့် ကာယဉာဏ စွမ်းအား စသည့်တို့ကို လေ့လာ၍ ပြည်နယ်၊ တိုင်း နှင့် မြို့နယ်အတွက် နှစ်ရှည်နှစ်တို စီးပွားရေးစီမံကိန်းများရေးဆွဲနိုင်ရန် အထောက်အကူပြုခြင်း၊

(၂) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်း စားသုံးရန်သော်လည်းကောင်း၊ အခြားဒေသများသို့ တင်ပို့ရောင်းချရန်သော်လည်းကောင်း မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတ ပစ္စည်းအင် အား၊ လယ်ယာနှင့်စက်မှုထွက်ကုန်အင်အား အခြေအနေတို့ကို လေ့လာ၍ ပြည်နယ်၊ တိုင်းနှင့် မြို့နယ် အတွက် စီမံကိန်းများချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် စီမံကိန်းများ အတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိသည် မရှိသည်၊ မည်ရွေ့မည်မျှအောင်မြင်မှု ရှိသည် မရှိသည် စသည်တို့ကို စဉ်ဆက်မပြတ်လေ့လာကြည့်ရှု၍ စီမံကိန်းများအောင်မြင်ရေးအတွက် အကြံပေး တင်ပြခြင်း၊

(၄) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရာတွင် လိုအပ်သလို အထောက်အကူပြုခြင်း၊

(၅) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်လာသည့်ဘဏ္ဍာရေးသို့မဟုတ် ဒေသဆိုင်ရာ စီမံကိန်းနှင့် ပတ်သက်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့် တောင်သူလယ်သမားရေးရာကော်မီတီ**

(၁) နိုင်ငံတော်၏ မြေယာမူဝါဒများနှင့်အညီ ပြည်နယ်၊ တိုင်းနှင့်မြို့နယ်အတွင်း လယ်ယာကိစ္စရပ်များကို စီမံဦးဆောင်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) သမဝါယမ လယ်ယာစနစ်ပေါ်ထွက်လာရေးအတွက် လည်းကောင်း၊ နိုင်ငံတော် လယ်ယာ အဖွဲ့အစည်းများအကောင်အထည်ဖော်နိုင်ရေးအတွက် လည်းကောင်း နည်းလမ်းများရှာဖွေ၍ အကြံပေးတင်ပြခြင်း၊

(၃) သမဝါယမ လယ်ယာနှင့် နိုင်ငံတော် လယ်ယာများမှ ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက် လေ့လာစူးစမ်း၍ တင်ပြခြင်း၊

(၄) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်လယ်ယာကဏ္ဍမှ အထွက်နှုန်းတိုးတက်မြင့်မားစေရန် ဒေသဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးအတွက်သိပ္ပံနည်းကျစိုက်ပျိုးရေး၊ ခေတ်မီစိုက်ပျိုးရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေး၊ ဘက်စုံစိုက်ပျိုးရေး၊ ဆည်းမြောင်း

Myanmar Law Information System (MLIS)

တာတမံများတိုးချဲ့ဆောက်လုပ်ရေးနှင့် သီးနှံများဝယ်ယူရရှိ ရေးတို့အတွက် ပြည်သူ့ကောင်စီက နည်းလမ်းများချမှတ်နိုင်ရန် အကြံပေးတင်ပြခြင်း၊

(၅) မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပေးတင်ပြခြင်း၊

(၆) သစ်တောများကို စနစ်တကျထိန်းသိမ်းရေး၊ ကာကွယ်ရေး၊ ထုတ်လုပ်ရေး၊ အစားထိုးစိုက်ပျိုးရေး၊ တိုးချဲ့စိုက်ပျိုးရေး စသည်တို့ကိုလေ့လာ၍ အကြံပေးတင်ပြခြင်း၊

(၇) သစ်တောထွက် ပစ္စည်းများကို စနစ်တကျသုံးစွဲရေးနှင့် အခြားဒေသများသို့ ရောင်းချနိုင်ရေး အတွက် အစီအစဉ်များကို လေ့လာ၍ တင်ပြခြင်း၊

(၈) တောင်သူလယ်သမားများ၏ နေထိုင်မှုအဆင့်အတန်းများ၊ စားဝတ်နေရေးအခြေအနေများကို လေ့လာ၍ ယင်းတို့ကို မြှင့်တင်ပေးနိုင်ရန် နည်းလမ်းများတင်ပြခြင်း၊

(၉) တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ် ငန်းတိုးတက်ရေးနှင့်ဆိုင်ရှယ် လစ်လုပ်အားပြိုင်ဆိုင် မှုများ ထွန်းကားလာစေရန်အတွက် ပြည်သူ့ကောင်စီက လိုအပ်သလိုဆောင်ရွက် နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၁၀) ပြည်သူ့ကောင်စီက အခါအားလျော်စွာပေးအပ်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေး နှင့်တောင်သူလယ်သမားရေးရာ ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

**(ဃ) သမဝါယမ၊ ကူးသန်းရောင်းဝယ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မီတီ**

(၁) သမဝါယမ အဖွဲ့အစည်းများဖွဲ့စည်းရေး၊ သမဝါယမအဖွဲ့အစည်းများ၏ ဆက်သွယ်ရေး၊ ရောင်းဝယ်ရေး၊ ဖြန့်ဖြူးရေး၊ ထုတ်လုပ်ရေး လုပ်ငန်းများအောင်မြင်စေရေးအတွက် ပြည်သူ့ကောင်စီက လိုအပ်သည်များဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) သမဝါယမ လယ်ယာစနစ် ပေါ်ထွက်လာရေးအတွက် လည်းကောင်း၊ သမဝါယမများမှ ကုန်ထုတ်လုပ်မှုတိုးတက်စေရေး အတွက်လည်းကောင်း လေ့လာစူးစမ်း၍တင်ပြခြင်း၊

(၃) ပြည်သူပိုင်ကုန်သွယ်ရေး ကဏ္ဍနှင့် သမဝါယမကုန်သွယ်ရေးကဏ္ဍတို့ တိုးတက် ကျယ်ပြန့်လာရေး အတွက် အထောက်အကူပြုခြင်း၊

(၄) စက်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍတို့အပြန်အလှန် ဖြည့်တင်းနိုင်သည့်ကုန်ပစ္စည်းများကို မျှတသော ဈေးနှုန်းဖြင့် ရောင်းဝယ်နိုင်စေရေးအတွက်  အထောက်အကူပြုခြင်း

(၅) ကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းများကို လိုအပ်သောစက်ရုံအလုပ်ရုံများသို့ ဖြည့်တင်းပေးရေး၊ ထုတ်လုပ်ပြီး ပစ္စည်းများအား စားသုံးသူများထံသို့ စနစ်တကျမှန်ကန်စွာ ဖြန့်ဖြူးရေးတို့နှင့်ပတ်သက်၍ အထောက်အကူပြုခြင်း၊

(၆) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်း သုံးစွဲရန်လိုအပ်သော လူသုံးကုန်ပစ္စည်းများနှင့် စက်မှုလက်မှု ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများကိုအခြားဒေသမှ မှာယူသုံးစွဲနိုင်ရေးအတွက် အထောက်အကူပြုခြင်း၊

(၇) လယ်ယာထွက်သီးနှံများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုလက်မှုပစ္စည်းများ၊ အခြား ပစ္စည်းများကိုချမှတ်ထားသော မူဝါဒညွှန်ကြားချက်များနှင့်အညီ ပြည်သူ့ကောင်စီက လိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

Myanmar Law Information System (MLIS)

(၈) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်းစားသုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို လိုအပ်သည့် ဒေသများသို့ အချိန်မှန် စဉ်ဆက်မပြတ်ရောက်ရှိစေခြင်းငှာ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ယာဉ်များ အဆင်ပြေစွာ ညှိနှိုင်းရရှိရေးအတွက် အထောက်အကူပြုခြင်း၊

(၉) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်းရှိစက်ရုံ အလုပ်ရုံများအတွက် လိုအပ်သည့်ကုန်ကြမ်းများ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံများသို့ အချိန်မှန်ရောက်ရှိစေခြင်းငှာ လည်းကောင်း၊ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ အခြားလယ်ယာထွက်သီးနှံများ၊ သစ်တောထွက်ပစ္စည်းများကို လိုအပ်သည့်ဒေသများသို့ အချိန်မှန်ရောက်ရှိစေခြင်းငှာ လည်းကောင်း ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ယာဉ်များ အဆင်ပြေစွာ ညှိနှိုင်းရရှိရေးအတွက်အထောက်အကူပြုခြင်း၊

(၁၀) ပြည်နယ်၊တိုင်းနှင့် မြို့နယ်အတွင်းတွင် လည်းကောင်း၊ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်းမှ အခြားဒေသများသို့ လည်းကောင်း ပြည်သူလူထု ခရီးသွားလာရာတွင် သက်သာချောင်ချိမှု၊ အဆင်ပြေ လွယ်ကူမှုရှိစေခြင်းငှာ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အစီအမံများစနစ်တကျရှိစေရေးအတွက် အထောက်အကူပြုခြင်း၊

(၁၁) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့်သမဝါယမ၊ ကုန်သန်းရောင်းဝယ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အခြားလုပ်ငန်း တာဝန်များကိုထမ်းဆောင်ခြင်း၊

**( င) စက်မှုလက်မှုနှင့် အလုပ်သမားရေးရာကော်မီတီ**

(၁) စက်မှုလက်မှုစီမံကိန်းများ ရေးဆွဲရာတွင် ပြည်သူ့ကောင်စီအား အထောက်အကူပြုခြင်း၊

(၂) ခေတ်မီလယ်ယာစိုက်ပျိုးရေးနှင့် ခေတ်မီမွေးမြူရေးတို့အတွက် လိုအပ်သည့်စက်မှုကရိယာများ ရရှိရေးကို အစီအစဉ်ရေးဆွဲ၍ တင်ပြခြင်း၊

(၃) ကုန်ပစ္စည်းများထုတ်လုပ်မှုနှင့် ပတ်သက်၍ လေ့လာပြီးတင်ပြခြင်း၊

(၄) မိမိတို့ဒေသ၏ စီးပွားရေး စီမံကိန်းဘောင်အတွင်း စက်မှုလက်မှုလုပ်ငန်းများ စနစ်တကျ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လေ့လာ၍ တင်ပြခြင်း၊

(၅) အလုပ်သမားများ၏ နေထိုင်မှုအဆင့်အတန်းများ၊ စားဝတ်နေရေးအခြေအနေများကို လေ့လာ၍ ယင်းတို့ကို မြှင့်တင်ပေးနိုင်ရန် နည်းလမ်းများတင်ပြခြင်း၊

(၆) အလုပ်သမားများအား လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ၊ စက်မှုကျွမ်းကျင် သင်တန်းများ တက်ရောက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေးအတွက် အထောက်အကူပြုခြင်း၊

(၇) အလုပ်သမားများ၏ ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးနှင့် ဆိုရှယ်လစ် လုပ်အား ပြိုင်ဆိုင်မှုများ ထွန်းကားလာစေရေးအတွက် ပြည်သူ့ကောင်စီကလိုအပ်သလိုဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၈) ပြည်သူ့ကောင်စီက အခါအားလျော်စွာပေးအပ်သည့်၊ စက်မှုလက်မှုနှင့် အလုပ်သမားရေးရာ ဆိုင်ရာအခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

**(စ) လူမှုရေးရာကော်မီတီ**

Myanmar Law Information System (MLIS)

(၁) ယဉ်ကျေးမှုနှင့် လူမှုဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီက လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံသားများတက်ကြွစွာပါဝင်ရေး၊ သဘောတရားအသိ တိုးတက်မြင့်မားရေး၊ နိုင်ငံတော်၏တရားဥပဒေများကို လိုက်နာစောင့်ထိန်းရေးနှင့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ပညာ ပေးရေး လုပ်ငန်းများ၌ အထောက်အကူပြုခြင်း၊

(၃) ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူ့ကောင်စီက လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၄) ပညာသင်ကြားရေးနှင့် လက်တွေ့ကုန်ထုတ်လုပ်မှုတို့ကို ဆက်စပ်ပေးနိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲ၍ တင်ပြခြင်း၊

(၅) ဆိုရှယ်လစ်စနစ်နှင့်အညီ ကျွမ်းကျင်သူများ မွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ကျောင်းသူ ကျောင်းသားများအား နိုင်ငံကိုချစ်မြတ်နိုးစိတ်၊ နိုင်ငံကိုကာကွယ်လိုစိတ်များ ကိန်းအောင်းလာစေရေး နှင့် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက် နိုင်ရေးတို့အတွက် အထောက်အကူပြုခြင်း၊

(၆) လုပ်သားပြည်သူတို့၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကုသရေး၊ သုတေသနပြု ရေးနှင့် ပညာပေးရေး လုပ်ငန်းရပ်များ၊ အစီအမံများနှင့်ပတ်သက်၍ အထောက်အကူပြုခြင်း၊

(၇) အားကစားလှုပ်ရှားမှုများ၊ ကာယပညာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍ အထောက်အကူပြုခြင်း၊

(၈) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် လူမှုရေးဆိုင်ရာ အခြားလုပ်ငန်းတာဝန် များကို ထမ်းဆောင်ခြင်း၊

**(ဆ) တိုင်းရင်းသားလူမျိုးများရေးရာကော်မီတီ**

(၁) တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေး၊ အချင်းချင်း ယိုင်းပင်းကူညီရေးနှင့် ချစ်ကြည်ရေးအတွက် ပြည်သူ့ကောင်စီကလိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) အခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ ရရှိခံစားနိုင်စေရေးအတွက် အထောက်အကူပြုခြင်း၊

(၃) ဆိုရှယ်လစ်လူ့ဘောင်နှင့်လိုက်လျောညီထွေဖြစ်သော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများအား ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းများကို ပြည်သူ့ကောင်စီမှ ချမှတ်နိုင် ရန် အထောက်အကူပြုခြင်း၊

(၄) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် တိုင်းရင်းသား လူမျိုးများ၏ အရေးကိစ္စများနှင့် ပတ်သက်သော အခြားလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း၊

**(ဇ) လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးရာကော်မီတီ**



Myanmar Law Information System (MLIS)

(၁) လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးတို့နှင့် ပတ်သက်၍ ပြည်သူ့ကောင်စီက လိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) ပြည်သူ့စစ်အဖွဲ့များနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီကလိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးတို့အတွက် ပြည်သူ့ကောင်စီက ပြည်သူလူထုအားပညာပေးနိုင်ရန် အထောက်အကူပြုခြင်း၊

(၄) ပြန်ကြားရေး၊ ကယ်ဆယ်ရေး၊ ပြည်လည်နေရာချထားရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၅) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများစည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အထောက်အကူပြုခြင်း၊

(၆) ပြည်သူများနှင့်ထိတွေ့၍ ပြည်သူ့အကျိုးအတွက် ထိရောက်စွာလုပ်ငန်းတာဝန်များကို ဝန်ထမ်းများက ဆောင်ရွက်နိုင်စေရန် ပြည်သူ့ကောင်စီအားအထောက်အကူပြုခြင်း၊

(၇) ပြည်သူ့ကောင်စီက အခါအားလျော်စွာပေးအပ်သည့် လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၁၃)

## ပြည်သူ့ကောင်စီ အစည်းအဝေးများခေါ်ယူကျင်းပခြင်း

၂၁။ ပြည်သူ့ကောင်စီဥပဒေပုဒ်မ ၄၂၊၈၉ နှင့် ၁၃၆ ပါပြဋ္ဌာန်းချက်များအရ သတ်မှတ်သည့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ပုံမှန်အစည်းအဝေးများကို ကျင်းပရန် သက်ဆိုင်ရာ အလုပ်အမှုဆောင် အဖွဲ့သည် အနည်းဆုံး ဆယ်ရက်ကြိုတင်ဖိတ်ကြားရမည်။

၂၂။ ပြည်သူ့ကောင်စီများ၏ ပုံမှန်အစည်းအဝေးကို သဘာပတိအဖွဲ့က သတ်မှတ်သောရက်များအတွင်း၊ သတ်မှတ်သည့်အချိန်အတွင်း ကျင်းပရမည်။ အထူးကိစ္စရပ်များအတွက် ပြည်သူ့ကောင်စီ အစည်း အဝေးကို မည်သည့်ရက်တွင်မဆို ကျင်းပနိုင်သည်။

၂၃။ ပြည်သူ့ကောင်စီဥပဒေပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်များအရ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ အရေးပေါ်အစည်းအဝေးကျင်းပလျှင် အလုပ်အမှုဆောင်အဖွဲ့သည် အစည်းအဝေးကျင်းပမည့်နေရာသို့ ပြည်သူ့ကောင်စီဝင်များလာရောက်နိုင်ရန် အချိန်လုံလောက်စွာပေး၍ ဖိတ်ကြားရမည်။

၂၄။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အစည်းအဝေးများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီရုံးစိုက်ရာမြို့တွင်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီအစည်းအဝေးများကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီရုံးစိုက်ရာမြို့တွင်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအစည်းအဝေးများကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းတွင် လည်းကောင်း သင့်လျော်သောနေရာတွင်ကျင်းပရမည်။

Myanmar Law Information System (MLIS)

၂၅။ ပြည်သူ့ကောင်စီ အစည်းအဝေးသို့တက်ရောက်လာသော ပြည်သူ့ကောင်စီဝင်များသည် ပြည်သူ့ကောင်စီဝင်များ မှတ်ပုံတင်စာအုပ်တွင်လက်မှတ်ရေးထိုးကြရမည်။

၂၆။ ပြည်သူ့ကောင်စီ အစည်းအဝေးသည်ပြည်သူ့ကောင်စီဝင် အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်လာလျှင် အထမြောက်သည်။

၂၇။ ပြည်သူ့ကောင်စီအစည်းအဝေး အထမြောက်ရန် လိုအပ်သည့်ပြည်သူ့ကောင်စီဝင်ဦးရေ တက်ရောက်သဖြင့် ပြည်သူ့ကောင်စီ အစည်းအဝေးအထမြောက်ကြောင်းကို အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ... 

၂၈။ သဘာပတိအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင်များအား ပြည်သူ့ကောင်စီ  အစည်းအဝေးခန်းမတွင် သီးသန့်နေရာ စီစဉ်ပေးရမည်။

၂၉။ ပြည်သူ့ကောင်စီအစည်းအဝေးအစီအစဉ်ကို ပြည်သူ့ကောင်စီဥက္ကဋ္ဌသည် အလုပ်အမှုဆောင်အဖွဲ့နှင့်လည်းကောင်း၊ သဘာပတိအဖွဲ့နှင့်လည်းကောင်း ညှိနှိုင်းရေးဆွဲရမည်။

၃၀။ ပြည်သူ့ကောင်စီ အစည်းအဝေးအစီအစဉ်ကို အစည်းအဝေးဖိတ်စာနှင့်အတူ ပူးတွဲပေးပို့ရမည်။

၃၁။ ပြည်သူ့ကောင်စီ အစည်းအဝေး မူလအစီအစဉ်တွင် မပါဝင်သော အကြောင်းကိစ္စများကို ဖြည့်စွက်လိုပါက အောက်ဖော်ပြပါ အတိုင်းဆောင်ရွက်ရမည် -

(က) ပြည်သူ့ကောင်စီဝင်တဦးသည် အစည်းအဝေးဖိတ်စာနှင့် အတူရရှိသည့်အစည်းအဝေး အစီအစဉ်တွင်ဖြည့်စွက်လိုသော အကြောင်းကိစ္စကိုဖော်ပြ၍ အလုပ်အမှုဆောင်အဖွဲ့သို့ ၃ ရက်ကြို တင်ပေးပို့ ရမည်၊

(ခ) ပြည်သူ့ကောင်စီအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသည် အကြောင်းကိစ္စ ပေါ်ပေါက်လာ၍ အစည်းအဝေးအစီအစဉ်တွင် ဖြည့်စွက်ထည့်သွင်းရန်ရှိလျှင် အလုပ်အမှုဆောင်အဖွဲ့ သို့ကြိုတင်ပေးပို့ရမည်၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေခွဲ(က) နှင့် (ခ) အရလက်ခံရရှိသော အကြောင်းကိစ္စ များကို မူလအစီအစဉ်တွင်ထည့်သွင်း၍ အစည်းအဝေးအစီအစဉ်သစ်တရပ်ကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်းရေးဆွဲရမည်၊

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ရေးဆွဲသော အစီအစဉ်သစ်ကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ဖတ်ကြားတင်သွင်းရမည်။ ယင်းသို့ဖတ်ကြားတင်သွင်းသည့် အစီအစဉ်သစ်ကို ပြည်သူ့ကောင်စီဝင် များက ဆွေးနွေးအကြံပေးနိုင်ခွင့်ရှိသည်၊

(င) အစည်းအဝေးအစီအစဉ်သစ်နှင့် ပတ်သက်၍ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန် သို့မဟုတ် ရွှေ့ဆိုင်းရန် အဆိုပြုချက်ရှိလျှင် ပြည်သူ့ကောင်စီ၏အဆုံးအဖြတ်ကိုရယူရမည်။ အဆိုပြုချက်မရှိလျှင် အလှည့်ကျသဘာပတိက အစည်းအဝေး အစီအစဉ်ကို ပြည်သူ့ကောင်စီ၏ အတည်ပြုချက်ရယူရမည်၊

(စ) နေ့စဉ်အစည်းအဝေး အစီအစဉ်များကို ပြည်သူ့ကောင်စီ ဝင်များသိသာစေရန် အလှည့်ကျ သဘာပတိကကြေညာရမည်။

Myanmar Law Information System (MLIS)

၃၂။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အဆိုများတင်သွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်သူ့ကောင်စီဝင် တဦးသည် အဆိုတင်သွင်းလိုလျှင်ကျိုးကြောင်း ဖော်ပြချက်များနှင့် ပူးတွဲလျက် အဆိုလွှာကို လက်မှတ်ရေးထိုးပြီး အနည်းဆုံး ၄၈ နာရီကြိုတင်၍ သဘာပတိအဖွဲ့သို့ ပေးပို့ရမည်၊

(ခ) ဝမ်းသာကြောင်းအဆိုများ၊ ထောက်ခံကြောင်း အဆိုများ၊ ဝမ်းနည်းကြောင်းအဆိုများ သို့မဟုတ် အရေးပေါ်အခြေအနေအရ တင်သွင်းရန် လိုအပ်သော အဆိုများကို သဘာပတိအဖွဲ့ထံ ကြိုတင်အကြောင်းကြားထားခြင်း မရှိစေကာမူ အလှည့်ကျသဘာပတိက တင်သွင်းခွင့်ပြုလျှင် ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ရယူ၍ တင်သွင်းဆွေးနွေးနိုင်သည်၊

(ဂ) တင်သွင်းမည့် အဆိုများကို ပြည်သူ့ကောင်စီဝင်များသို့ ဖြန့်ဝေထားရမည်၊

(ဃ) သက်ဆိုင်ရာပြည်သူ့ကောင်စီသို့တင်သွင်းသည့် အဆိုများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(၁) အများပြည်သူနှင့်သက်ဆိုင်ရမည်၊

(၂) လိုရင်းအချက်ကို ရှင်းလင်းတိကျစွာ ရေးသားဖော်ပြရမည်၊

(၃) အဆိုများကို ရေးသားရာတွင် ပြည်သူ့ကောင်စီမှ "ထောက်ခံကြောင်း"၊ "ယုံကြည်ကြောင်း"၊ "တိုက်တွန်းကြောင်း"၊ "ဆုံးဖြတ်ကြောင်း"၊ "လက်ခံကြောင်း" "ကြေညာကြောင်း" စသည့် သဘောမျိုးဖြင့် ရေးသားဖော်ပြရမည်၊

(၄) ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်သောအဆို၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်သောအဆို သို့မဟုတ် နိုင်ငံတော်ကကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို ထိပါးပုတ်ခတ်သောအဆို မဖြစ်စေရ၊

(၅) ပြည်သူ့ကောင်စီဝင် တဦးဦးအား ခိုင်လုံသောအထောက်အထားမရှိပဲ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပုတ်ခတ်စွပ်စွဲချက်မျိုးမဖြစ်စေရ၊

(၆) သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ ဆန္ဒသဘောထားကို ထင်ဟပ် ဖော်ပြသောအဆိုမျိုး ဖြစ်ရမည်။ အခြေခံဥပဒေအရ လည်းကောင်း၊ ပြည်သူ့ကောင်စီဥပဒေအရလည်းကောင်း၊ ဤနည်းဥပဒေများအရ လည်းကောင်း ပြည်သူ့ကောင်စီများ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း၌ ခွင့်ပြုထားသောကိစ္စရပ် ဖြစ်ရမည်။

၃၃။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးတွင်အဆိုများ တင်သွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်သူ့ကောင်စီဝင်တဦးသည် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အဆိုတင်သွင်းလိုလျှင် သဘာပတိအဖွဲ့သို့ကြိုတင်အကြောင်းကြားရမည်။ အဆို မိတ္တူတစောင်ကို အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင်ပေးပို့ရမည်၊

(ခ) ပြည်သူ့ကောင်စီသို့ တင်သွင်းသည့် အဆိုသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(၁) မိမိဒေသရှိ ပြည်သူများနှင့် သက်ဆိုင်၍ ပြည်သူများအကျိုးရှိစေမည့်အဆို ဖြစ်ရမည်၊

(၂) လိုရင်းအချက်ကို ရှင်းလင်းတိကျစွာ ရေးသားဖော်ပြရမည်၊

(၃) ဘာသာရေးနှင့် နိုင်ငံရေးတို့ ရောယှက်သော၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်သော၊ နိုင်ငံတော်က ကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို ထိပါးပုတ်ခတ်သောအဆို မဖြစ်စေရ၊

Myanmar Law Information System (MLIS)

(၄) ပြည်သူ့ကောင်စီဝင် တဦးဦးအား ခိုင်လုံသောအထောက်အထားမရှိပဲ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပုတ်ခတ်စွပ်စွဲချက်မျိုး မဖြစ်စေရ၊

(၅) အခြေခံဥပဒေအရ လည်းကောင်း၊ ပြည်သူ့ကောင်စီဥပဒေအရလည်းကောင်း၊ ဤနည်းဥပဒေများ အရလည်းကောင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း၌ ခွင့်ပြုထားသော ကိစ္စရပ်ဖြစ်ရမည်။

၃၄။ ပြည်သူ့ကောင်စီ အစည်းအဝေး၌ ပြည်သူ့ကောင်စီဝင်တဦးဦးက တင်သွင်းသောအဆိုသည် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းရှိ မရှိနှင့် တင်သွင်းခွင့်ပြုမည် မပြုမည်ကို သဘာပတိအဖွဲ့က စိစစ်ဆုံးဖြတ်ရမည်။

၃၅။ ပြည်သူ့ကောင်စီ အစည်းအဝေး၌ ပြည်သူ့ကောင်စီဝင်များက တင်သွင်းသည့်အဆိုများသည် သဘောထားချင်း တူညီနေကြောင်း သဘာပတိအဖွဲ့က တွေ့ရှိလျှင် သဘောထားချင်းတူညီနေသော အဆိုများကို ပေါင်းစပ်၍ အဆိုတခုတည်းအဖြစ် တင်သွင်းရန် သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၆။ သဘာပတိအဖွဲ့သည် ပြည်သူ့ကောင်စီသို့ တင်သွင်းရန်ခွင့်ပြုထားသည့် အဆိုများကိုစိစစ်ရာ၌ သက်ဆိုင်ရာဒေသ၏ အကျိုးကိုလည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေးကျင်းပသည့် အချိန်ကာလကိုလည်းကောင်း၊ အဆိုတင်သွင်းသော အကြောင်းကြားစာကိုလက်ခံရရှိသည့် ရှေ့နောက်အစီအစဉ်ကိုလည်းကောင်း အခြေခံသုံးသပ်၍ မည်သည့်အဆိုများအား ဦးစားပေး တင်သွင်းခွင့်ပြုမည်ကို ဆုံးဖြတ်ပြီး အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရမည်။

၃၇။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများ၌ တင်သွင်းသည့် အဆိုများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပြည်သူ့ကောင်စီအဖွဲ့အစည်း တရပ်ရပ်ကဖြစ်စေ၊ ပြည်သူ့ကောင်စီဝင်တဦးဦးကဖြစ်စေ တင်သွင်းသော အဆိုတရပ်ကို အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ကောင်စီဝင်များက ဆွေးနွေးခွင့်ရှိသည်၊

(ခ) အဆိုတင်သွင်းသော ပြည်သူ့ကောင်စီဝင် သို့မဟုတ် ပြည်သူ့ကောင်စီအဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်းတရပ်ရပ်ကို ကိုယ်စားပြုသူသည် အခြားပြည်သူ့ ကောင်စီဝင်များ၏ ဆွေးနွေးတင်ပြချက်များပြီးဆုံးလျှင် ပြန်လည်ဖြေကြားလိုပါက နောက်တကြိမ် ရှင်းလင်းဖြေကြားခွင့်ရှိသည်၊

(ဂ) ပြည်သူ့ကောင်စီသို့ တင်သွင်းရန် အကြောင်းကြားထားသော အဆိုတရပ် အပေါ်တွင် ပါဝင်ဆွေးနွေးတင်ပြလိုသော ပြည်သူ့ကောင်စီဝင်များ၏ အမည်စာရင်းကို သဘာပတိအဖွဲ့သို့ ၂၄ နာရီ ကြိုတင် တင်သွင်းထားရမည်။ အမည်စာရင်းကို သဘာပတိအဖွဲ့က စိစစ်၍ ဆွေးနွေးတင်ပြခွင့်ပြုရမည်။

၃၈။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အဆိုတရပ်နှင့် ပတ်သက်၍ အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်ဖြင့် ဆွေးနွေးခွင့်ရှိသည်၊

(ခ) အဆိုတင်သွင်းသော ပြည်သူ့ကောင်စီဝင် သို့မဟုတ် ပြည်သူ့ကောင်စီ အဖွဲ့အစည်းသို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်ကို ကိုယ်စားပြုသူသည် အခြားပြည်သူ့ကောင်စီဝင်များ၏ ဆွေးနွေးတင်ပြချက်များပြီးဆုံးလျှင် ပြန်လည်ဖြေကြားလိုပါက နောက်တကြိမ် ရှင်းလင်း ဖြေကြားခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၃၉။ ပြည်သူ့ကောင်စီ အစည်းအဝေးသို့ တင်သွင်းသည့်အဆိုကို ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပြည်သူ့ကောင်စီအဖွဲ့အစည်း တရပ်ရပ်ကဖြစ်စေ၊ ပြည်သူ့ကောင်စီဝင်တဦးဦးကဖြစ်စေ အဆိုတရပ်ကို တင်သွင်းလိုသည်ဟုသဘာပတိအဖွဲ့ထံ အကြောင်းကြား၍အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းဖော်ပြထားသော်လည်း ယင်းအဆိုကို ပြည်သူ့ကောင်စီတွင် ဖတ်ကြားတင်သွင်းခြင်း မပြုသေးမီပြန်လည်ရုပ်သိမ်းခွင့်ရှိသည်၊

(ခ) အစည်းအဝေး အစီအစဉ်တွင် ပါဝင်သောအဆိုကို ပြည်သူ့ကောင်စီတွင်ဖတ်ကြားတင်သွင်း၍ ပြည်သူ့ကောင်စီဝင်တဦးက ယင်းအဆိုကို ထောက်ခံပြီးဖြစ်ပါက ပြည်သူ့ကောင်စီ၏ သဘော တူညီချက်ဖြင့်သာ ရုပ်သိမ်းခွင့်ရှိသည်။

၄၀။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများ၏ အစည်းအဝေးအစီအစဉ်တွင် ဖော်ပြထားသော အဆိုတရပ်အပေါ်ပြင်ဆင်လိုပါက ပြင်ဆင်ချက်အဆိုကို ကြိုတင်၍ သဘာပတိအဖွဲ့ထံ ပေးပို့ရမည်။

၄၁။ အဆိုတရပ်အပေါ်တွင် တင်သွင်းသော ပြင်ဆင်ချက် အဆိုသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(က) မူလအဆိုတွင်ပါရှိသောကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်ရမည်၊

(ခ) မူလအဆိုနှင့် လုံးဝဆန့်ကျင်သည့်သဘော မသက်ရောက်စေရ၊

(ဂ) မူလအဆိုပေါ်တွင် အသေးအဖွဲ့သဘော ဆောင်သောပြင်ဆင်ချက်အဆို မဖြစ်စေရ၊

(ဃ) ပြင်ဆင်ချက်အဆို တင်သွင်းရာတွင် မူလအဆိုကို ရေးသားထားသည့် အစီအစဉ်အတိုင်း ရည်ညွှန်းဖော်ပြရမည်။

၄၂။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများတွင်ပြင်ဆင်ချက်အဆို တင်သွင်းသည့်အခါ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပြင်ဆင်ချက်အဆိုကို ပြည်သူ့ကောင်စီသို့ တင်သွင်းသည့်အခါ ပြင်ဆင်ချက်များနှင့်ပတ်သက်၍ ပြည်သူ့ကောင်စီ၏ ဆန္ဒမရယူမီအလှည့်ကျသဘာပတိက အဆိုနှင့် ပြင်ဆင်ချက်များကို ဖတ်ပြရမည်၊

(ခ) ပြင်ဆင်ချက်အဆိုကို စဉ်းစားဆွေးနွေးရန်လက်ခံခြင်း ပြု မပြုပြည်သူ့ကောင်စီ၏ ဆန္ဒကို ရှေးဦးစွာရယူရမည်၊

(ဂ) ပြင်ဆင်ချက်အဆိုပေါ်တွင် ပြည်သူ့ကောင်စီ၏ ဆန္ဒကိုရယူပြီးနောက် မူလအဆို သို့မဟုတ် ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို ရယူရမည်။

၄၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးတွင်တင်သွင်းသည့် အဆိုများနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပြည်သူ့ကောင်စီဝင်တဦးက တင်သွင်းသည့် အဆိုတရပ်နှင့် ပတ်သက်၍ပြည်သူ့ကောင်စီဝင်များက ဆွေးနွေးရာတွင် ယင်းတင်သွင်းသည့်အဆိုနှင့် ကွဲလွဲမှုရှိသောအချက်များကို တင်ပြနိုင်သည်၊

(ခ) အဆိုတရပ်ရပ်ကို အကျေအလည် ဆွေးနွေးညှိနှိုင်းပြီး ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို ရယူရမည်။

၄၄။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

Myanmar Law Information System (MLIS)

(က) ဆွေးနွေးခွင့်ရရှိသော ပြည်သူ့ကောင်စီဝင်တဦးသည် တကြိမ်လျှင် အများဆုံးမိနစ် ၂၀အထိသာ တင်ပြဆွေးနွေးရမည်၊

(ခ) ပြည်သူ့ကောင်စီဝင် တဦးသည် မိမိတင်ပြဆွေးနွေးခဲ့ခြင်းနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း တင်ပြလိုလျှင် အလုပ်အမှုဆောင်ပုဂ္ဂိုလ်ကျသဘာပတိ၏ ခွင့်ပြုချက်ဖြင့် ၁၀ မိနစ် အထိထပ်မံတင်ပြဆွေးနွေးနိုင်သည်၊

(ဂ) အဆိုတရပ်ကိုစတင်တင်သွင်းခဲ့သော ပြည်သူ့ကောင်စီဝင်သည် အခြား ပြည်သူ့ကောင်စီဝင်များ၏ ဆွေးနွေးချက်များ၊ မေးမြန်းချက်များအပေါ်တွင် ပြည်သူ့ကောင်စီမှ ဆုံးဖြတ်ချက် မချမှတ်မီအလုပ်အမှုဆောင်ပုဂ္ဂိုလ်ကျ သဘာပတိ၏ခွင့်ပြုချက်ဖြင့် ၁၅ မိနစ်အထိ ပြန်လည်ရှင်းလင်း ဖြေကြားခွင့်ရှိသည်၊

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် မည်သို့ပင်ဆိုထားစေကာမူ သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်က တောင်းခံလျှင်အလုပ်အမှုဆောင်ပုဂ္ဂိုလ်ကျသဘာပတိသည် ပြည်သူ့ကောင်စီလုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါက အချိန်သတ်မှတ်၍ ဆက်လက် ဆွေးနွေးခွင့်ပြုနိုင်သည်။

၄၅။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် မေးခွန်းများမေးမြန်းခြင်း နှင့်ပတ်သက်၍ အောက်ပါ အတိုင်း ဆောင်ရွက်ရမည် -

(က) မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းများပြုလုပ်ရန် သီးသန့်အချိန်သတ်မှတ်၍အစီအစဉ်တွင် လိုအပ်သလိုထည့်သွင်းပေးရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်များသည် မိမိတို့သိရှိလိုသည့် အကြောင်းကိစ္စရပ်နှင့်ပတ်သက်၍ မေးခွန်းများ မေးမြန်းနိုင်သည်။ ယင်းမေးမြန်းချက်များကို သက်ဆိုင်ရာဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြန်လည်ဖြေကြားရမည်၊

(ဂ) မေးမြန်းလိုသည့် ကိစ္စရပ်များကို အစည်းအဝေး မတိုင်မီကြိုတင်၍ စာဖြင့်ဖြစ်စေ၊ အစည်းအဝေးကျင်းပနေသည့် အချိန်အတွင်းနှုတ်ဖြင့် ဖြစ်စေ အလုပ်အမှုဆောင်ပုဂ္ဂိုလ်ကျသဘာပတိ၏ခွင့်ပြုချက်ဖြင့် ပြည်သူ့ကောင်စီဝင်များက မေးမြန်းနိုင်သည်။

၄၆။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးရာ၌ ဖြစ်စေ၊ အဆိုတင်သွင်းရာ၌ဖြစ်စေ၊ မေးခွန်းမေးမြန်းရာ၌ဖြစ်စေ -

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာကိုဖောက်ဖျက်သော၊ နိုင်ငံတော်၏အချုပ်အချာအာဏာနှင့် လုံခြုံရေးကို ထိခိုက်စေသော၊ နိုင်ငံတော်က လက်ခံကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို ထိပါးပုတ်ခတ်သော စကားများမပြောဆိုရ၊

(ခ) တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်ရေး၊ အချင်းချင်း ယိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် စကားများမပြောဆိုရ၊

(ဂ) မည်သည့်ဘာသာ သာသနာကိုမျှ ပုတ်ခတ်ပြောဆိုခြင်း မပြုရ၊ ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်၍ ပြောဆိုခြင်းမပြုရ၊

(ဃ) ပြည်သူ့ကောင်စီဝင် တဦးဦးအားခိုင်လုံသော အထောက်အထားမရှိပဲ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပုတ်ခတ်စွပ်စွဲ ပြောဆိုခြင်းမပြုရ၊

(င) ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေမည့် စကားများပြောဆိုခြင်းမပြုရ။

၄၇။ပြည်သူ့ကောင်စီဝင်တဦးသည် နည်းဥပဒေ ၄၆ ပါ တားမြစ်ချက်တရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -



Myanmar Law Information System (MLIS)

(က) အလှည့်ကျသဘာပတိသည် သက်ဆိုင်ရာတားမြစ်ချက်ကို ချိုးဖောက်ဆန့်ကျင်၍ မပြောကြားရန် သတိပေးရမည့်အပြင်ပြောကြားခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရမည်၊

(ခ) အလှည့်ကျသဘာပတိ၏ သတိပေးချက်ကို မလိုက်နာပဲဆက်လက်ချိုးဖောက်ပါက ယင်းပြည်သူ့ ကောင်စီဝင်အား ဆွေးနွေးနေခြင်းကို ရပ်စေ၍ မိမိနေရာတွင် ပြန်ထိုင်ရန် ညွှန်ကြားရမည်၊

(ဂ) ညွှန်ကြားချက်အတိုင်း မလိုက်နာသည့် ပြည်သူ့ကောင်စီဝင်အား မည်သို့အရေးယူရမည်ကို အလှည့်ကျ သဘာပတိက သဘာပတိအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(၁) ပြစ်တင်ရှုတ်ချခြင်း၊

(၂) ထိုနေ့အတွက် ဆွေးနွေးခွင့်ရပ်ဆိုင်းခြင်း၊

(၃) ထိုနေ့အတွက် အစည်းအဝေးမှ ထွက်ခွါသွားစေခြင်း၊

(၄) အစည်းအဝေး တက်ရောက်ခွင့် ၇ ရက်ထက်မများရုပ်သိမ်းခြင်း။

၄၈။ အဆိုတရပ်နှင့် ပတ်သက်၍ သဘောတူ မတူ ပြည်သူ့ကောင်စီဝင်များ၏ အဆုံးအဖြတ်ကို အသံဖြင့်ဖြစ်စေ၊ လက်ထောင်မဲပေးခြင်းဖြင့်ဖြစ်စေ၊ မတ်တပ်ရပ်ပြခြင်းဖြင့်ဖြစ်စေ၊ ဆန္ဒမဲပေးခြင်းဖြင့် ဖြစ်စေ ရယူနိုင်သည်။ ယင်းသို့ အဆုံးအဖြတ်ရယူရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) သဘောတူသည့် မဲနှင့် သဘောမတူသည့်မဲအရေ အတွက်ချင်းတူညီနေပါက ယင်းအဆိုနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီ၏အဆုံးအဖြတ်ကို အလှည့်ကျသဘာပတိက ဒုတိယအကြိမ် ထပ်မံရယူရမည်၊

(ခ) ဒုတိယအကြိမ် အဆုံးအဖြတ်ရယူရာတွင် မဲအရေအတွက်ချင်းထပ်မံတူညီပါက ယင်းအဆိုနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို အလှည့်ကျသဘာပတိက တတိယအကြိမ်ရယူရမည်၊

(ဂ) တတိယအကြိမ် ထပ်မံ ရယူသော်လည်း မဲအရေအတွက်ချင်းထပ်မံတူညီပါက အလှည့်ကျ သဘာပတိသည် မိမိကြိုက်နှစ်သက်ရာဘက်သို့ ဆန္ဒမဲပေး၍ ဆုံးဖြတ်ရမည်။

၄၉။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် သော်လည်းကောင်း၊ ပြည်သူ့ကောင်စီအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ အစည်းအဝေးများတွင် သော်လည်းကောင်း ပြည်သူ့ ကောင်စီဝင်များ၏ တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ ကောင်စီများတွင် အကျဉ်းချုပ်မှတ်တမ်းများ ပြုစုထားရှိရမည်။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများတွင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီဆုံးဖြတ်ချက်များကိုသာ မှတ်တမ်းတင်ထားရှိ ရမည်။

## အခန်း (၁၄)

## အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများခေါ်ယူကျင်းပခြင်း

၅၀။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များ၏ ပုံမှန်အစည်းအဝေးများကို သာမန်အားဖြင့် ရက်သတ္တတပတ်လျှင် တကြိမ် အချိန်မှန်ကျင်းပရမည်။ လိုအပ်လျှင် လိုအပ်သလို ကျင်းပနိုင်သည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး များကို လိုအပ်သလို ကျင်းပရမည်။

Myanmar Law Information System (MLIS)

၅၁။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးတဦးဦး တက်ရောက်ရမည့်အပြင် အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာလျှင် အစည်းအဝေးအထမြောက်သည်။ သို့ရာတွင် အလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင် ၃ ဦးသာရှိလျှင် သာမန်အားဖြင့် အဖွဲ့ဝင် ၃ ဦးတက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၅၂။ နည်းဥပဒေ ၅၁ အရ အစည်းအဝေး အထမမြောက်လျှင် ဒုတိယ အကြိမ် အစည်းအဝေး ခေါ်ယူကျင်းပရမည်။ အဖွဲ့ဝင် ၃ ဦးသာရှိသော အလုပ်အမှုဆောင်အဖွဲ့၏ ဒုတိယအကြိမ် ခေါ်ယူကျင်းပသည့် အစည်းအဝေးတွင် အဖွဲ့ဝင် ၂ ဦးတက်ရောက်ပါက အစည်းအဝေး အထမြောက် သည်။

၅၃။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေအားလုံး၏ ထက်ဝက်ကျော်က သဘောတူညီမှသာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ အဖွဲ့ဝင် ၃ ဦးသာရှိပြီး အဖွဲ့ဝင် ၂ ဦးသာတက်ရောက် သည့်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် သဘောကွဲလွဲမှုမရှိပဲ ၂ ဦးသဘောတူညီမှသာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ သဘောကွဲလွဲမှုရှိပါက ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုပဲအဖွဲ့ဝင် ၃ ဦးတက်ရောက်သည့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင်သာ ဆုံးဖြတ်ချက်ချမှတ်ရမည်။

## အခန်း (၁၅)

## ရေးရာကော်မီတီ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း

၅၄။ ရေးရာကော်မီတီများ၏ အစည်းအဝေးများခေါ်ယူကျင်းပခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများ၏ အစည်းအဝေးကို လိုအပ်သည့်အခါ ခေါ်ယူကျင်းပရမည်၊

(ခ) အစည်းအဝေးများကို သက်ဆိုင်ရာအတွင်းရေးမှူးက ဖိတ်ခေါ်ရမည်၊

(ဂ) အစည်းအဝေးများတွင် သက်ဆိုင်ရာ အတွင်းရေးမှူးက ဦးဆောင်ရမည်။ အတွင်းရေးမှူး မတက်ရောက်နိုင်လျှင် ရေးရာကော်မီတီဝင်တဦးဦးက ဦးဆောင်ရမည်၊

(ဃ) ရေးရာကော်မီတီများ၏ အစည်းအဝေးများတွင် ရေးရာကော်မီတီဝင် ၃ ဦးအနက် ၂ ဦးသဘော တူညီမှုဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။ သဘောမတူသော ကော်မီတီဝင်သည် ရေးရာကော်မီတီ၏ အစီရင်ခံစာတွင် မိမိသဘောထားကို ပြည်သူ့ကောင်စီသို့ ပူးတွဲတင်ပြနိုင်ခွင့်ရှိသည်၊

(င) ရေးရာကော်မီတီဝင် ၃ ဦးသာရှိပြီး ၂ ဦးသာ တက်ရောက်သော အစည်းအဝေးတွင် သဘော ကွဲလွဲမှုရှိပါက ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုပဲ အဖွဲ့ဝင် ၃ ဦးတက်ရောက်သည့်အစည်းအဝေးတွင်သာ ဆုံးဖြတ်ချက်ချမှတ်ရမည်၊

(စ) ရေးရာကော်မီတီတရပ်မှ ပြည်သူ့ကောင်စီသို့ တင်ပြရန်ရှိသည်တို့ကို ရေးရာကော်မီတီ အတွင်းရေးမှူးက တာဝန်ခံတင်ပြရမည်။

၅၅။ ရေးရာကော်မီတီအချင်းချင်း ပူးပေါင်းညှိနှိုင်းရန်ခေါ်ယူသည့် အစည်းအဝေးကိုဖိတ်ကြားသည့် ရေးရာကော်မီတီအတွင်းရေးမှူးက ဦးဆောင်ရမည်။

Myanmar Law Information System (MLIS)

## အခန်း (၁၆)

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းခြင်း

၅၆။ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် အခြေခံ ဥပဒေပုဒ်မ ၁၃၂ ပါလုပ်ငန်းများအပြင် ဥပဒေဘောင်အတွင်း ပြည်သူ့ကောင်စီအဆင့်ဆင့်က အကောင်အထည်ဖော်နိုင်ရေးအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များခွဲဝေအပ်နှင်းရန် ဆောင်ရွက်သည့်အခါ မည်သည့် ပြည်သူ့ကောင်စီအဆင့်အား မည်သည့်အတိုင်းအတာအထိ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းသင့်သည် စသည့်အချက်များကို စိစစ်ဆုံးဖြတ်ရမည်။

၅၇။ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများသည် ပြည်သူ့ကောင်စီအဆင့်ဆင့်အား ခွဲဝေအပ်နှင်းလိုသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို စိစစ်ဆုံးဖြတ်ပြီးနောက် ကျိုးကြောင်းဖော်ပြ၍ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ရယူရမည်။

၅၈။ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက် ရရှိပါက ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက သော်လည်းကောင်း ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက တာဝန်ပေးအပ်သော အဖွဲ့အစည်းများက သော်လည်းကောင်း ပြည်သူ့ကောင်စီအဆင့်ဆင့်အား တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာဖြင့် ခွဲဝေအပ်နှင်းရမည်။

၅၉။ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက ခွဲဝေအပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အထက်အဆင့် ပြည်သူ့ကောင်စီက အောက်အဆင့်ပြည်သူ့ကောင်စီများသို့ ထပ်ဆင့်ခွဲဝေအပ်နှင်းခြင်း မပြုရ။

## အခန်း (၁၇)

## အထွေထွေ

၆၀။ ပြည်သူ့ကောင်စီ အဆင့်ဆင့် အလုပ်အမှုဆောင်အဖွဲ့များက ဦးဆောင်၍ ရုံးလုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ရန် ပြည်သူ့ကောင်စီရုံးများကို ဖွဲ့စည်းထားရှိရမည်။

၆၁။ ပြည်သူ့ကောင်စီရုံးများ၏ ဖွဲ့စည်းပုံအင်အားကို ပြည်နယ်နှင့်တိုင်းများအလိုက်လည်းကောင်း၊ မြို့နယ်များအလိုက်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအလိုက်လည်းကောင်း လုပ်ငန်းပ မာဏ အပေါ် အခြေပြု၍သတ်မှတ်ရမည်။

၆၂။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံ တော်ကောင်စီကဖြစ်စေ၊နိုင်ငံတော်ကောင်စီ၏သဘောတူညီချက်ဖြင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ ကဖြစ်စေ လိုအပ်သလိုထုတ်ပြန်နိုင်သည်။

(ပုံ) စန်းယု၊
နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ( ကိုယ်စား)၊
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊

ပြည်သူ့ကောင်စီနည်းဥပဒေများ
(ဗိုလ်ချုပ်ကြီး စန်းယု၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး)။

ရန်ကုန်မြို့၊ ၁၃၃၆ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်။
(၁၉၇၄ ခု၊ အောက်တိုဘာလ ၂၈ ရက်။)

အမိန့်အရ၊
(ပုံ) မြကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်ကောင်စီရုံး။

Myanmar Law Information System (MLIS)